FMI
PART OF THE YOMA GROUP

## ကုမ္ပဏီ၏ မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်းနှင့် ပက်သက်၍ နောက်ဆုံးအခြေအနေအား အသိပေးကြေငြာခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ (“ကုမ္ပဏီ”)နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ (“ကုမ္ပဏီအုပ်စု”)၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၂ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် (က) ကုမ္ပဏီသည် Ayala Corporation (“Ayala”) နှင့် ချေးငွေစာချုပ်အသစ် ("ချေးငွေစာချုပ်အသစ်”) ချုပ်ဆိုခဲ့ပြီး ယင်းချေးငွေ စာချုပ်အသစ်သည် ၂၀၂၀ ခုနှစ်တွင် ရရှိခဲ့သည့် ပြောင်းလဲနိုင်သော ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၈၂.၅သန်း ("ပြန်လည်ပြင်ဆင်ထားသောချေးငွေ") အား ရာသက်ပန်ချေးငွေအဖြစ် ပြောင်းလဲခြင်းနှင့် (ခ) ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် ပြောင်းလဲနိုင်သော ချေးငွေသဘောတူစာချုပ်အား ပေးလျော်မှုဆိုင်ရာအပိုင်း ချန်လှပ်၍ ရပ်စဲမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပြောင်းလဲနိုင်သော ချေးငွေသဘောတူစာချုပ်နှင့် ဆက်စပ်သည့် အသေးစိတ် အချက်အလက်များအတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ရက်နေ့တွင် ကုမ္ပဏီမှ ထုတ်ပြန်ခဲ့သော ကြေငြာချက် ("နိုဝင်ဘာ ၁၄ ကြေငြာချက်") တွင် ရည်ညွှန်းဖတ်ရှုနိုင်ပါသည်။

(စုပေါင်း၍ “**စာချုပ်ဝင်များ**” ၊ နှင့် တစ်ဦးချင်းဆိုလျှင် “**စာချုပ်ဝင်**” ဟု ရည်ညွှန်းသွားမည် ဖြစ်ပါသည်။)

### ချေးငွေစာချုပ်အသစ်၏ အဓိကအချက်အလက်များ

ချေးငွေစာချုပ်အသစ်၏ သဘောတူညီချက်အရ ပြန်လည်ပြင်ဆင်ထားသောချေးငွေအား ကုမ္ပဏီ၏ သာမာန်အစုရှယ်ယာများ ထုတ်ဝေပေးခြင်း ("ပြန်လည်ပေးချေမည့် အစုရှယ်ယာများ") နည်းလမ်းဖြင့်သာ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပြီး ၎င်းချေးငွေစာချုပ်အသစ်တွင် ပါဝင်သော အဓိကအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ချေးငွေပမာဏ | : | အမေရိကန်ဒေါ်လာ ၈၂.၅သန်းကို ၂၀၂၀ခုနှစ်တွင် ရယူခဲ့ပြီး ဖြစ် ပါသည်။ |
| ပြန်လည်ပြင်ဆင်ထားသော ချေးငွေများကို အသုံးပြုခြင်း | : | ပြန်လည် ပြင်ဆင်ထားသော ချေးငွေများကို နိုဝင်ဘာ ၁၄ ကြေညာချက်တွင် ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီမှ အသုံးပြု ထားပါသည်။ |
| ပြန်လည်ပေးချေမည့် အစုရှယ်ယာအရေအတွက် | : | စုစုပေါင်း အစုရှယ်ယာအရေအတွက်သည် ၈,၂၇၇,၄၂၄[၁] ဖြစ်ပြီး၊ ပြန်လည်ပေးချေမည့် အစုရှယ်ယာတစ်စုလျှင် မြန်မာကျပ်ငွေ ၁၅,၀၀၀[၂] တန်ဖိုးဖြင့် သတ်မှတ်ထားပြီး၊ ကုမ္ပဏီမှ ထုတ်ဝေပေးသော မတည်ငွေရင်းပမာဏ၏ ၂၀%နှင့် ညီမျှပါသည်။ |

[၁] အစုရှယ်ယာအရေအတွက် ၃၃,၁၀၉,၆၉၄ ရှိသော ချေးငွေစာချုပ်အသစ်ကို ချုပ်ဆိုသောနေ့တွင် ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်း စုစုပေါင်းအပေါ် အခြေခံထားသည်။
[၂] ၎င်းသည် ပြောင်းလဲနိုင်သောချေးငွေ စာချုပ်သဘောတူညီချက်ကို ချုပ်ဆိုသောနေ့တွင် ကုမ္ပဏီအစုရှယ်ယာတစ်စု၏ ပိတ်ဈေးထက် ၃၆.၅%. ထက်ပိုသောတန်ဖိုးကို ကိုယ်စားပြုသည်။

| | | |
|---|---|---|
| ပြန်လည်ပေးဆပ်ပိုင်ခွင့် | : | စာချုပ်ပါ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီချိန်တွင် ပြန်လည်ပြင်ဆင်ထားသော ချေးငွေကို ပြန်လည်ပေးချေရမည့် အစုရှယ်ယာများ အဖြစ် တလုံးတစ်ခဲတည်း ပြောင်းလဲမည် ဖြစ်ပါသည်။ ပြန်လည်ပေးဆပ်ခြင်းအတွက် စာချုပ်ဝင်တစ်ဦးဦးမှ ပြန်လည် ပေးဆပ်မည့်နေ့ ("ပြန်လည်ပေးဆပ်မည့်နေ့")၏ ၁၄ရက်မတိုင်မီ ကြိုတင် အကြောင်းကြားစာပေးပို့ ဆောင်ရွက်နိုင်ပါသည်။ |
| ပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ | : | ပြန်လည်ပြင်ဆင်ထားသော ချေးငွေအား အောက်ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှု ပြုလုပ်ပြီး သည့်အချိန်တွင် ပြန်လည်ပေးချေနိုင်ပါသည်။<br>(က) ကုမ္ပဏီသည် Ayala အား အစုရှယ်ယာများ ခွဲဝေပေးခြင်းနှင့် ထုတ်ဝေပေးခြင်းတို့အတွက် လိုအပ်သော အထူးကျင်းပသည့် အထွေထွေအစည်းအဝေးကို ခေါ်ယူခြင်းနှင့် အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက် အတည်ပြုချက်ကို ရယူခြင်း၊<br>(ခ) ကုမ္ပဏီ၏ အစုရှယ်ယာတစ်စု ၇ရက် ဆက်တိုက် အရောင်းအဝယ် ပျမ်းမျှ ရှယ်ယာဈေးနှုန်းသည် မြန်မာကျပ်ငွေ ၁၅,၀၀၀ နှင့် (သို့မဟုတ်) ၎င်းထက်ပိုသော ဈေးနှုန်းဖြင့် အရောင်းအဝယ် ဖြစ်ခြင်း၊ |
| ချေးငွေပြန်လည်ပေးဆပ်မည့် နည်းလမ်း | : | ပြန်လည်ပြင်ဆင်ထားသော ချေးငွေများကို အစုရှယ်ယာများနှင့် ပြန်လည် ပေးဆပ်ခြင်းနည်းဖြင့်သာ ပြုလုပ်မည်ဖြစ်ပါသည်။ |
| ပြန်လည်ပေးချေမည့် အစုရှယ်ယာများ၏ အခြေအနေ | : | ပြန်လည်ပေးချေမည့် အစုရှယ်ယာများသည် ပြန်လည်ပေးချေမည့်နေ့မှစ၍ လက်ရှိ ထုတ်ဝေထားသော အစုရှယ်ယာများနှင့် တန်းတူအခွင့်အရေးအားလုံးကို ရရှိမည်ဖြစ်ပြီး ၎င်းတို့သည် အမြတ်ဝေစုရပိုင်ခွင့်များ၊ ခွဲဝေခြင်းများ၊ သို့မဟုတ် အခြားသော ထုတ်ဝေပေးခြင်းများအတွက် အကျုံးဝင်မည်ဖြစ်သည်။ |
| ခွဲဝေပေးခြင်းများ | : | ကုမ္ပဏီမှ အမြတ်ဝေစု ကြေငြာခဲ့လျှင် ပြန်လည်ပေးချေမည့် အစုရှယ်ယာများ အရေအတွက်အပေါ် အခြေခံ၍ ၎င်း၏ အမြတ်ဝေစုအား အချိုးကျ ခံစားခွင့် ရှိခြင်း၊ |
| စာချုပ်သက်တမ်း | : | ပြန်လည် ပြင်ဆင်ထားသော ချေးငွေများသည် သက်တမ်း ကုန်ဆုံးရက် မရှိသည့် ရာသက်ပန်ချေးငွေ ဖြစ်သည်။[၃] |
| Ayalaမှ ဒါရိုက်တာတစ်ဦး ခန့်အပ်ခြင်း | : | ပြန်လည်ပြင်ဆင်ထားသော ချေးငွေများကို အစုရှယ်ယာများ အဖြစ် မပေးဆပ်ခင်နှင့် Ayala မှ ကုမ္ပဏီတွင် အစုရှယ်ယာများ ပိုင်ဆိုင်မည့် ကာလပတ်လုံး Ayala အနေဖြင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့တွင် အမှုဆောင်မဟုတ်သော ဒါရိုက်တာတစ်ဦးအား ခန့်အပ်ပိုင်ခွင့်ရှိရန်၊ |

[၃] ပြန်လည်ပြင်ဆင်ထားသောချေးငွေတွင် သက်တမ်းကုန်ဆုံးရက်စမရှိပါ၊ သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံ၍ ၎င်းအား ပေးရန်ရှိစာရင်းအောက်တွင် ချေးငွေအဖြစ်ထည့်သွင်းသွားမည် မဟုတ်ဘဲ၊ ကုမ္ပဏီ၏ အစုရှယ်ယာပိုင်ဆိုင်သူများနှင့် သက်ဆိုင်သည့်အရင်းအနှီးများအဖြစ် ထည့်သွင်းတွက်ချက်မည် ဖြစ်ပါသည်။

**အခြေခံအကြောင်းအရင်း**

မြန်မာနိုင်ငံ၏ လတ်တလောစီးပွားရေးအခြေအနေများအရ စာချုပ်ဝင်များသည် ၎င်းတို့၏ သက်ဆိုင်ရာ အကောင်းဆုံး အကျိုးစီးပွားအတွက် ပြောင်းလဲနိုင်သော ချေးငွေကို ရာသက်ပန်ချေးငွေအဖြစ်သို့ ပြန်လည် ပြင်ဆင်ခြင်းဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး
၂၀၂၂ ခုနှစ် မတ်လ ၂၃ ရက်

First Myanmar Investment Public Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766